# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၃၀–၅–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဆိပ်ဖြူမြို့နယ်၊ ကူရှည်ကျေးရွာ အုပ်စုရှိ တပေါင်း–ထန်းဖွန်–မြောက်တော–အလယ်စု–ကူရှည်နှင့် ဆိပ်ဖြူကတ္တရာလမ်းအထိ ကျေးရွာချင်းဆက်လမ်း (၄) မိုင်အား ကျောက်ချောလမ်း သို့မဟုတ် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသာချို(ခ) ဦးတင်ကြိုင်၊ ရေနံချောင်း မဲဆန္ဒနယ်၏ **ရေနံချောင်း– အင်တောမြေသားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်ရွှေ၊ ရမ်းပြဲ မဲဆန္ဒနယ်၏ **ရမ်းပြဲမြို့နယ်တွင် ဒေါ်ရထချောင်းကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ **ကံမမြို့နယ်၊ မင်းတုန်းချောင်းနှင့် ပနီချောင်းကြား ကျေးရွာများမှ ပြည်သူများ သွားလာရေး လွယ်ကူစေရန် ပနီချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်ရှိ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသော မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းနှင့်ပြည်နယ်မြို့တော်ကြီးများကို ခရီးအတိုဆုံးနှင့် အထိရောက်ဆုံး ချိတ်ဆက်နိုင်ပြီး ပြည်ထောင်စုလမ်းမကြီးအဖြစ်ပါ အသုံးပြုနိုင်မည့် မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအေးဝင်း၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်အတွင်းရှိ အင်္ဂပူ–ညောင်ကျိုးလမ်းကို ၂၀၁၆–၂၀၁၇ ဘတ်ဂျက်မှ ချထားပေးသည့်ငွေဖြင့်ဆောင်ရွက်ထားသော လုပ်ငန်းများကို သက်ဆိုင်ရာများမှ စစ်ဆေးစိစစ်ပေးရန်နှင့် ၎င်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **“နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်း**

**ဒေသတွင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် အတွင်း ARSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှု ပြုလုပ်ပေးပါရန် ”**အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက **“မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၉။ **“မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းသည့် **“မြန်မာ့ ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးပို့သော **"စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။